**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ

(ကန်ကြီးထောင့်) တို့**တွင် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့်ပုံစံဖြင့်**

**လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာ ( Expression of Interest – EOI)**

**တင်သွင်းရမည့် အဆိုပြုလွှာပုံစံ**

၁။ ပေးပို့ရမည့်လိပ်စာ အမြဲတမ်းအတွင်းဝန်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစား

ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဖြင့် အမှတ်(၄)ဓာတ်မြေ သြဇာစက်ရုံ (မြောင်းတကာ) နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်) တို့တွင် ဓာတ်မြေသြဇာ ထုတ်လုပ်ခြင်းအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ

အမှတ်ခြစ်ရန်-

ဖက်စပ်လုပ်ငန်းဆောင်ရွက်ရန် ( ) သို့မဟုတ် ငှားရမ်းခြင်းဆောင်ရွက်ရန် ( ) သို့မဟုတ် အမြတ်ခွဲဝေဆောင်ရွက်ရန် ( ) သို့မဟုတ် အခြားလုပ်ငန်းဆောင်ရွက်ရန်( )

(-----------)

၃။ လုပ်ငန်းဆောင်ရွက်မည့် အစုဝင်/အဖွဲ့အစည်း ၏ အထွေထွေ အချက်အလက်များ

| | |
|---|---|
| အစုဝင်/အဖွဲ့အစည်း၏ တရားဝင်အမည် အပြည့်အစုံ | |
| အစုဝင်/အဖွဲ့အစည်း၏ **ရုံးချုပ် နှင့် မှတ်ပုံတင်ထားသည့် ရုံး၏ လိပ်စာ** | |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ကုမ္ပဏီမှတ်ပုံတင်ထားသည့် နေရာ၊ နိုင်ငံ | |
| **မှတ်ပုံတင်ထားသည့် နိုင်ငံ** | |

| | |
|---|---|
| မှတ်ပုံတင်ထားသည့်ခုနှစ် | |
| ဆက်သွယ်ရမည့်ပုဂ္ဂိုလ်၏ အမည် နှင့် ရာထူး | |
| **နိုင်ငံသားမှတ်ပုံတင်အမှတ်**<br>**(နိုင်ငံသားလုပ်ငန်းရှင်များအတွက်)**<br>**နိုင်ငံကူးလက်မှတ်အမှတ်:**<br>**(နိုင်ငံခြားသားလုပ်ငန်းရှင်များအတွက်)**<br>**တယ်လီဖုန်းနံပါတ် :**<br>**လက်ကိုင်ဖုန်းနံပါတ် :**<br>**ဖက်(စ်) :**<br>**အီးမေးလ် :**<br>**ဝက်ဘ်ဆိုက် :** | |

**၄။ အဆိုပြုလွှာတွင် အောက်ပါအချက်အလက်များပါဝင်ရမည်-**

(က) ပိုင်ဆိုင်မှုပုံစံ : စိတ်ဝင်စားသည့် အဖွဲ့အစည်းများသည် အောက်ပါပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြရမည်-

ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ကုမ္ပဏီ မှတ်ပုံတင်ထားသည့် နေရာ၊ နိုင်ငံတို့ပါဝင်သည့် ကုမ္ပဏီနောက်ခံသမိုင်းအကျဉ်းချုပ်၊

အဓိကလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းနယ်ပယ်၊ ကျွမ်းကျင်မှု နှင့် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများ

ဒါရိုက်တာအဖွဲ့ဝင်များနှင့် အဓိကစီမံခန့်ခွဲသည့်ပုဂ္ဂိုလ် (အမည်၊ ရာထူး၊ ပညာအရည်အချင်းနှင့်အတွေ့အကြုံတို့ကို ဖော်ပြရန်)

ကုမ္ပဏီ ၏ လက်အောက်ခံအဖွဲ့အစည်းများ( မိခင်ကုမ္ပဏီအမည်နှင့် ဖွဲ့စည်းပုံ: ပိုင်ဆိုင်မှုပုံစံ/ ဆက်နွယ်မှုပုံစံ(Family tree) ကို ဖော်ပြရန်)

အဆိုပါအစုအဖွဲ့တွင် ခါတ်မြေသြဇာစက်ရုံနှင့်စပ်လျဉ်း၍ အတွေ့အကြုံရှိ ကုမ္ပဏီ၏ အမည်ကို သေချာစွာဖော်ပြရန် ၊

(မှတ်ချက်။ မည်သည့် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ သို့မဟုတ် ဖက်စပ်လုပ်ငန်းအဆိုပြုသူများသည် အထူး ပူးပေါင်းဆောင်ရွက်မှု အသစ်တစ်ရပ် အနေဖြင့်ပါဝင်ဆောင်ရွက်သင့်သည်။)

အစုအဖွဲ့ဝင်များအတွက် : အစုအဖွဲ့ဝင်များ၏အမည်၊ ပူးပေါင်းဆောင်ရွက်မှု အမျိုးအစား၊ ၎င်းတို့၏ ရာထူး၊ အဆင့်၊ စိတ်ပါဝင်စားသည့် စီးပွားရေး အကောင် အထည်ဖော် ဆောင်ရွက်နေမှုများ

(ခ) စက်ရုံလုပ်ငန်းအတွေ့အကြုံ : လျှောက်ထားသည့် စိတ်ပါဝင်စားသော လုပ်ငန်းအဖွဲ့အစည်းအနေဖြင့် ရေနံဓာတုဗေဒလုပ်ငန်းနှင့်ဆက်စပ်၍ လုပ်ငန်း အတွေ့အကြုံအသေးစိတ်ဖော်ပြရန် ( သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်ရှိ မည်သည့် အစုအဖွဲ့ဝင်များမဆို)

(ဂ) ငွေကြေးထည့်ဝင်နိုင်မှု: အဆိုပြုသည့်ကုမ္ပဏီ၊ အစုစပ်အဖွဲ့ဝင်များ အားလုံး နှင့် မိခင်ကုမ္ပဏီတို့၏ လွန်ခဲ့သောဘဏ္ဍာရေးနှစ်၃နှစ် အတွက်ငွေကြေး ဖော်ပြချက်ပါရှိရမည်။ (ဝင်ငွေ/ ထွက်ငွေ စာရင်း၊ အရှုံး/ အမြတ် စာရင်း၊ ငွေကြေး စီးဆင်းမှု နှင့် ငွေစာရင်းရှင်းတမ်းဆိုင်ရာ အချက်အလက်များ)၊ လက်မှတ်ရစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးထားပြီးဖြစ်ရမည်။

၅။ စိတ်ဝင်စားမှု အဆိုပြုလွှာအပေါ် စိစစ်ခြင်းနှင့် လိုအပ်သော အချက်အလက်များ၊

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် အချက်အလက်မပြည့်စုံသည့် မည်သည့် အဆိုပြုလွှာကိုမဆို ငြင်းပယ်နိုင်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှောက်ထားလာသည့် အဆိုပြုလွှာများအား သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ-မရှိ စိစစ်သွားမည်ဖြစ်ပါသည်။ လျှောက်လွှာများအား အထက်အပိုဒ် ၄ ပါ သတ်မှတ်ချက်များနှင့်အညီ ပြည့်စုံမှုရှိ-မရှိ စိစစ် သွားမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုအဆိုပြုလွှာများအား စိစစ်ပြီးပါက ပဏာမ အောင်မြင်သူ များအား စာရင်းပြုစု၍ ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

၆။ အဆိုပြုလွှာပုံစံတင်သွင်းခြင်းနှင့် ထောက်ခံတင်ပြခြင်း

မှတ်ချက်။ အဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင် ကိုယ်စားလှယ်တစ်ဦးဦးမှ အဆိုပြုလွှာတွင် ဖော်ပြထားသည့် အချက်အလက်များအား မှန်ကန်ကြောင်းထောက်ခံစာ ပါရှိရမည်။

၇။ အဆိုပြုလျှောက်ထားသူ၏ ကတိဝန်ခံချက်

အထက်ဖော်ပြပါလျှောက်ထားသူမှ ပေးအပ်သည့် အချက်အလက်များအားလုံးသည် မှန်ကန်မှုရှိပါကြောင်းအာမခံပါသည်။

အဆိုပြုလျှောက်ထားသူသည် တင်ပြထားသည့် အချက်အလက်များအပေါ် သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိပါက ငြင်းပယ်ခံရမည်ဖြစ်ကြောင်းကို သိရှိပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ စိတ်ဝင်စားမှုအဆိုပြုလွှာအတွက် လိုအပ်၍ ထပ်မံတောင်းခံလာသည့်အချက်အလက်များအား ထပ်မံ ထည့်သွင်းပေးရမည်ဖြစ်ကြောင်းကို သိရှိ လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

ကုမ္ပဏီ/အစုအဖွဲ့/အဖွဲ့အစည်းကိုယ်စား

လက်မှတ် :

အမည် :

ရာထူး :

ရက်စွဲ :

တံဆိပ်